# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
# တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ငလျင်ဘေးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ပျက်စီးခဲ့သည့် လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မူလတန်းကြိုကျောင်း၊ နားမကြားသောကလေးများကျောင်း၊ မန္တလေးလူငယ်သင်တန်းကျောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စစ်ကိုင်းမျက်မမြင်ကျောင်းတို့အတွက် ယာယီစာသင်ကျောင်းဆောင် (Prefabricated School) ၄ လုံးကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဆောက်လုပ်လိုပါသည်-

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot No |
|---|---|---|---|
| က | ဒေးဝန်းမူလတန်းကြိုကျောင်း (၆၀'x၃၀')(လျှပ်စစ်မီးသွယ်တန်းမှုအပါ) | ၁ လုံး | Lot 1 |
| ခ | နားမကြားသောကလေးများကျောင်း (၆၀'x၃၀')(လျှပ်စစ်မီးသွယ်တန်းမှုအပါ) | ၁ လုံး | Lot 2 |
| ဂ | မန္တလေးလူငယ်သင်တန်းကျောင်း (၉၀'x၃၀')(လျှပ်စစ်မီးသွယ်တန်းမှုအပါ) | ၁ လုံး | Lot 3 |
| ဃ | စစ်ကိုင်းမျက်မမြင်ကျောင်း (၉၀'x၃၀')(လျှပ်စစ်မီးသွယ်တန်းမှုအပါ) | ၁ လုံး | Lot 4 |

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့်ပတ်သက်၍အောက်ပါအစီအစဉ်အတိုင်းဆောင်ရွက်သွားပါမည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - (၂၁-၈-၂၀၂၅) ရက်နေ့မှ (၃-၉-၂၀၂၅) ရက်နေ့အထိ ရုံးချိန်အတွင်း

(ခ) တင်ဒါတင်သွင်းရမည့်ကာလ - (၂၁-၈-၂၀၂၅)ရက်နေ့မှ (၅-၉-၂၀၂၅)ရက်နေ့အထိ ရုံးချိန်အတွင်း

(ဂ) တင်ဒါရောင်းချမည့်နေရာ - ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်

(ဃ) တင်ဒါဖွင့်လှစ်မည့်နေ့နှင့်နေရာ - (၉-၉-၂၀၂၅) ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်

(တင်ဒါဖွင့်လှစ်မည့်ရက်အပြောင်းအလဲရှိပါက ကြိုတင်အကြောင်းကြားမည်ဖြစ်ပါသည်။)

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် တင်ဒါအာမခံကြေးကို (၂၁-၈-၂၀၂၅)ရက်နေ့မှ (၅-၉-၂၀၂၅)ရက်နေ့အထိ (ရုံးချိန်အတွင်း) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ ငွေပေးအမိန့် (Payment Order Cheque) ရယူ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပို၍ တင်ဒါတင်သွင်းလိုပါက တင်သွင်းလိုသည့် လုပ်ငန်းတစ်ခုချင်းစီအတွက် သတ်မှတ်တင်ဒါအာမခံကြေးပေးသွင်းရမည်။

၅။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်၊ ၀၆၇-၃၄၀၄၃၉၅၊ ၀၆၇-၃၄၀၄၀၇၄ သို့ (၀၉:၃၀) နာရီမှ (၁၆:၃၀) နာရီအတွင်း ရုံးဖွင့်ရက်များတွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ